# ကြွေးမြီ

## မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်



## ကြွေးမြီဆိုတာဘာလ ?

ငွေထုတ်ချေးပေးသူထံမှ သင်ချေးငှားသောငွေကို ကြွေးမြီ ဟုခေါ်ပါသည်။ သဘောတူထားသောအချိန်မှာ သင်ပြန် ပေးရမည်ဖြစ်ပါသည်။ သင်ချေးငှားထားသောငွေတွင် သာမက အတိုး၊ အခများနှင့် ချမှတ်ငွေများပါ ပေးရပါမည်။ သတ်မှတ်ထားသော အချိန်အတွင်း ပြန်မဆပ်ပါက နောက်ထပ် စရိတ်များပါ ပါဝင်လာပါမည်။

ငွေထုတ်ချေးပေးသူများကို ကြွေးမြီထုတ်ပေးသူများ ဟုလည်းခေါ်ပါသည်။ယင်းတို့တွင် ဘဏ်များ၊ ငွေစုငွေချေး အသင်းများ၊ ဆောက်လုပ်ရေးအဖွဲ့များနှင့် ငွေထုတ်ချေးသည့်ငွေကြေးကုမ္ပဏီများ ပါဝင်သည်။ငွေထုတ်ချေး ပေးသူများသည် ငွေထုတ်ချေးပြီး ထိုဝန်ဆောင်ပေးမှုအတွက်အတိုး၊ အခများနှင့် ချမှတ်ငွေများထားခြင်းဖြင့် ငွေစီးပွားဖြစ်အောင်လုပ်ကြပါသည်။

## အတိုး၊ အခများနှင့် ချမှတ်ငွေများ ဆိုတာဘာလဲ ?

ကြွေးမြီ ယူသုံးသည့်အတွက် တောက်လျှောက်ပေးနေရသည့် ပမာဏသည် အတိုးဖြစ်ပါသည်။

အခများနှင့် ချမှတ်ငွေများသည် ငွေချေး (ကြွေးမြီ) သည့်အတွက် ထပ်မံပေးရသည့် စရိတ်များဖြစ်သည်။ ယင်းတို့ကို လစဉ်သို့မဟုတ် နှစ်စဉ် ချမှတ်နိုင်သည်။ ယင်းစရိတ်များတွင် အောက်ပါတို့ပါဝင်နိုင်သည်။

- သင့်စာရင်းဖွင့်ထားသည့်အတွက် လစဉ်အခများ
- အချိန်မီ သင်မပေးဆပ်သည့်အတွက် အခများ
- သင်ပြန်ဆပ်စရာတစ်ခုကို မလုပ်သည့်အခါ အခများ

## ကြွေးမြီဥပဒေ

ဩစတြေးလျားတွင် ငွေထုတ်ချေးပေးသူများသည် ဝန်ဆောင်မှု အသုံးပြုသူများ ကြွေးမြီ ဥပဒေကို လိုက်နာရပါသည်။ ယင်းကို ဩစတြေးလျားအစိုးရက သတ်မှတ်ပြဋ္ဌာန်းပါသည်။ ချေးငှားသူများသည်လည်း ယင်းဥပဒေကို လိုက်နာရပါသည်။

## ကြွေးမြီ အမျိုးအစားများ

ဩစတြေးလျားတွင် ကြွေးမြီအမျိုးအစားများ များပြားစွာရှိပြီး သင့်အမျိုးအစားသည် သင်ဘာအတွက် ငွေချေးသည့်အပေါ် မူတည်ပါသည်။ ဥပမာ- အချို့မှာ- အကြွေးယူကဒ်ပြားများ၊ ကားဝယ်ရန်ချေးငွေများ၊ အိမ်ဝယ်ရန်ချေးငွေများ၊ ဆိုင်ကဒ်ပြားများ၊ ကာလတိုချေးငွေများနှင့် ဝန်ဆောင်မှု အသုံးပြုသူများစာချုပ်ဖြင့် ငှါးရမ်းခြင်းတို့ ဖြစ်ပါသည်။

## သတိပြုပါ။

- ကြွေးမြီ သည် ပြန်ပေးရမည့် သင်ချေးထားသော ငွေဖြစ်ပါသည်။
- ကြွေးမြီတွင် အပိုစရိတ်များ ရှိသည်။
- ကြွေးမြီများစွာယူလျှင် ငွေကြေးပြဿနာများ ဖြစ်စေနိုင်သည်။

ကြွေးမြီ အကြောင်း ပိုသိရှိရန် MoneySmart ဝက်ဘ်ဆိုက် **www.moneysmart.gov.au** ကိုဝင်ကြည့်ပါ။ သို့မဟုတ် ၁၃၀၀ ၃၀၀ ၆၃၀ ကိုခေါ်ပါ။ သင့်အနေဖြင့် ကြွေးမြီများကို ပိုပြီး စီမံလုပ်ဆောင်နိုင်ရန် အကူအညီ ပေးနိုင်သည့် ငွေကြေးဆိုင်ရာ အချက်အလက်ဝန်ဆောင်အရာရှိကိုလည်း ၁၃ ၂၃ ၀၀ တွင် ခေါ်နိုင်ပါသည်။

သင့် ကြွေးမြီစာရင်း ဖိုင်တွဲကို **www.mycreditfile.com.au** တွင် တောင်းယူနိုင်ပါသည်။

MONEYSMART

## ဟူစိန် သည် ကားဝယ်ရန် ငွေချေးသည်။

ဟူစိန်သည် ကားအဟောင်းတစ်စီး ဝယ်လိုသည်။ သူသည် ကားမှတ်ပုံတင်နှင့် အာမခံစရိတ် (ဒေါ်လာ ၁၀၀၀ ခန့်) ကိုပါထည့်တွက်ပြီး၊ သူ့အနေနှင့် ဒေါ်လာ ၅၀၀၀ အထိ သုံးနိုင်မည်ဟု ဆုံးဖြတ်သည်။ဆိုလိုသည်မှာ ကားတန်ဖိုး သည် ဒေါ်လာ ၄၀၀၀ ထက် မပိုနိုင်ပါ။ သူ့တွင် စုထားငွေ မရှိသည့်အတွက် အားလုံးကို ချေးရပါမည်။

စနေနေ့ တစ်မနက်တွင် ကားရောင်းသည့် ဌာနသို့ ကားအဟောင်းတစ်စီးသွားကြည့်ရာ သူသဘောကျသည့် ဒေါ်လာ ၃၉၀၀ တန် ကားတစ်စီးကို တွေ့ပါသည်။ ကားရောင်းသူတစ်ဦးကိုတွေ့ပြီး၊ ဟူစိန်က ယင်းကားနှင့် ပါတ်သက်သည့် မေးခွန်းများ မေးပါသည်။ ကားမှာ စိတ်ချရသလား၊ ဘယ်နှစ်ကထုတ်သည့် ကားနှင့် အန္တရာယ်ကင်းစွာ မောင်းနိုင် သလားတို့ကို ဟူစိန် သိလိုသည်။ ကားကို ဝယ်ဖို့ ဟူစိန် ဆုံးဖြတ်လိုက်သည်။ ကားရောင်းဌာနရှိ ငွေကြေးအရာရှိက ဟူစိန်အနေဖြင့် အကြွေးလျှောက်နိုင်သော်လည်း ပထမ မေးခွန်းအချို့ကို ဖြေရန်လိုကြောင်း ပြောလာသည်။

ဟူစိန်က ငွေကြေးအရာရှိအား သူ၏ အချက်အလက်များ ပေးပါသည်။ ငွေကြေးအရာရှိက ဟူစိန်အနေဖြင့် အကြွေးဒေါ်လာ ၄၉၀၀ (ယင်းတွင် မှတ်ပုံတင်နှင့် အာမခံပေးရန်အတွက်ပါဝင်ပြီးသား) ရနိုင်သည်ဟု ပြောဆိုသည်။

ငွေကြေးအရာရှိက ကြွေးမြီသဘောတူ စာချုပ်ကို ဟူစိန်အားပေးပြီး၊ ဖတ်ပြီးလျှင် လက်မှတ်ထိုးရန်ပြောသည်။ သို့ သော်လည်း ဟူစိန်၏ မိတ်ဆွေက “ကိုယ်နားမလည်တာ တခုခုကို ဘယ်တော့မှ လက်မှန်မထိုးနဲ့.” ဟုပြောထားဘူး သည်။ ဟူစိန်က စာချုပ်တစ်ခုလုံးကို ဖတ်လိုသည့်အတွက် အရင် အိမ်သို့ယူသွားပြီး ဖတ်နိုင်မည်လားဟု မေးသည်။ သူက ငွေကြေးအရာရှိနှင့် တနင်္လာနေ့မနက်တွင် ထပ်ဆုံရန် သဘောတူလိုက်သည်။

ဟူစိန်သည် ကြွေးမြီစာချုပ်ကို ဖတ်ပြီး တနင်္လာနေ့မနက်၌ ကားရောင်းဌါနမှ ငွေကြေးအရာရှိနှင့် တွေ့ရန် ပြန်သွား ပါသည်။ ကြွေးမြီစာချုပ်ကိုဖတ်ပြီးနောက် ဟူစိန်တွင် မေးစရာ များပြားစွာရှိပါသည်။ ယင်းချေးငွေ စုစုပေါင်း မည်မျှ ကုန်ကျမည်၊ အတိုးနှုန်းမည်မျှရှိမည်၊ မည်မျှအကြိမ်များများ သူပြန်ဆပ်ရမည်နှင့် ကြွေးမြီစာချုပ်၏ သက်တမ်းတို့ကို သူက ငွေကြေးအရာရှိအား မေးသည်။ ဟူစိန်က သတ်မှတ်ထားချက်များနှင့် အခြေအနေများအားလုံးကို နားလည် သွားသည့် အခါတွင် ကြွေးမြီးစာချုပ်ကို လက်မှတ်ထိုးပြီး ကားကို ဝယ်ယူလိုက်ပါသည်။

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved